မာတိကာ


| အမှတ်စဉ် | တရားခေါင်းစဉ်အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အတူကို ကြည့်ပါ တရားတော် | ၁ |
| ၂။ | ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိဥပေက္ခာ တရားတော် | ၁၅ |
| ၃။ | ဇာတိဖြစ်ရင် ဇရာမရဏဖြစ်တယ် တရားတော် | ၂၇ |
| ၄။ | အစေတနော၊ အဗျာကတော တရားတော် | ၃၉ |
| ၅။ | အဝိဇ္ဇာမရှိ လူမရှိ တရားတော် | ၅၀ |
| ၆။ | ပစ္စုပ္ပန်မှာ အဝိဇ္ဇာရှိတယ် တရားတော် | ၆၀ |
| ၇။ | စိတ်ကောင်းကြည်လင် ဝမ်းမြောက်လျှင် တရားတော် | ၇၄ |
| ၈။ | ပိယရုပ် သာတရုပ် မဟာဘုတ်ကွဲလျှင် တဏှာချုပ် တရားတော် | ၇၉ |
| ၉။ | ကိလေသာဟူ တွင်းရန်သူတို့ မပြုံဖို့ရှောင်း<br>ပေးတော်မူကြောင်း တရားတော် | ၉၇ |
| ၁၀။ | ဥပါဒ်ဋ္ဌီ ဘင် စ စဉ် အို သေ တရားတော် | ၁၁၀ |
| ၁၁။ | ပညတ်အာရုံ တရားတော် | ၁၂၂ |
| ၁၂။ | သမုဒယသစ္စာ ပဟာတဗ္ဗန္တိမေ တရားတော် | ၁၃၈ |
| ၁၃။ | သတ္တဋ္ဌာန ကုသလ တရားတော် | ၁၅၄ |
| ၁၄။ | မျက်စိကမြင်တယ် မနောကမြင်တယ်<br>လူကမြင်တယ် တရားတော် | ၁၆၆ |
| ၁၅။ | ဝယမ္မောသင်္ခါရာ တရားတော် (နာဂစ်လေဘေးတရားတော်) | ၁၇၉ |
| ၁၆။ | ရှုပ် – ရုပ်ရှိသော တရားတော် | ၁၈၉ |
| ၁၇။ | ရဟတ်ဗွေ တရားတော် | ၂၀၀ |
| ၁၈။ | ဝိညာဏ်လေးပါး တရားတော် | ၂၁၃ |
| ၁၉။ | မနောဓာတ် ဓမ္မဓာတ် တရားတော် | ၂၂၈ |
| ၂၀။ | စေတသိက်နဲ့ လူနဲ့ခွဲ တရားတော် | ၂၄၅ |
| ၂၁။ | ဘဝအင်္ဂါမသိရှာ သူဟာ အာဠာရဖြစ်သတည်း တရားတော် | ၂၆၀ |
| ၂၂။ | သစ်တရုပ်နာမ်ကို အဟုတ်ဉာဏ်တင်စီးပြီ တရားတော် | ၂၇၃ |
| ၂၃။ | စိတ်ကို သိလျက်ရှုအံ့ တရားတော် | ၂၈၄ |
| ၂၄။ | တပေါ်စ ပြဟ္မစရိယဉ္စ တရားတော် | ၂၉၈ |
| ၂၅။ | မိလိန္ဒပဉှာတရားတော် | ၃၀၇ |


မာတိကာ


| အမှတ်စဉ် | တရားခေါင်းစဉ်အမည် | စာမျက်နှာ |
|---|---|---|
| ၂၆။ | ဓမ္မဋ္ဌိတိဉာဏ် တရားတော် | ၃၁၈ |
| ၂၇။ | ဒေါသငြိမ်းတာ နိဗ္ဗာန် တရားတော် | ၃၂၀ |
| ၂၈။ | ရေအိုး ရေပေါင်း သွန်းလောင်းပြီးသောလေ့ တရားတော် | ၃၂၁ |
| ၂၉။ | ဝိပဿနာဉာဏ်စဉ် ဆယ့်ခြောက်ပါး တရားတော် | ၃၂၃ |
| ၃၀။ | ဝိပဿနာဉာဏ်စဉ် ဆယ့်ခြောက်ပါး သံပေါက်လင်္ကာ | ၃၂၆ |
| ၃၁။ | ဆုံးမဩဝါဒ သံပေါက်လင်္ကာများ | ၃၂၇ |
| ၃၂။ | စုစည်းထားသည့် ကမ္မဋ္ဌာန်းနည်းများ | ၃၄၆ |


**ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး**

**ဘဒ္ဒန္တကုက္ကုဋ္ဌောဘာသမဟာထေရ် (အနိစ္စဆရာတော်) ၏ ဆုံးမဩဝါဒသံပေါက်လင်္ကာ**

၁၄ . ၄ . ၂၀၀၉ (သင်္ကြန်အကျနေ့)

- ငါ့ကိုမှီ၍ ဖြစ်ပေမယ့် ငါလုပ်တာမှ မဟုတ်ဘဲ။ သူ့ကိုမှီ၍ ဖြစ်ပေမယ့် သူလုပ်တာမှ မဟုတ်ဘဲ။

ငါနဲ့၊ လုပ်တာနဲ့ အတူတူလား၊ နှစ်ခုလား၊ အဲဒါက ဆင်ခြင်တာ၊ နှလုံးသွင်းတာ၊ ငါနဲ့ လုပ်တာနဲ့ မတူဘူး၊ **'ငါ့ကို'** ဆိုတာက မိစ္ဆာဒိဋ္ဌိ၊ **'လုပ်တာ'** က ငါလုပ်တာမဟုတ်ဘူး၊ သင်္ခါရ ကံက လုပ်တာ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်တယ်၊ အစွဲကြောင့် လုပ်တာဖြစ်တယ်၊ စွဲရင်ကံဖြစ်တယ်၊ လုပ်တာက သင်္ခါရ ကံ၊ လုပ်ကြောင်းက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ အဲဒါဆိုရင် **'သူငါ'** မရှိတော့ဘူး၊ **'သူငါ'** ရှိရင် မိစ္ဆာဒိဋ္ဌိ-သမုဒယသစ္စာ၊ **'သူငါ'** မရှိရင် သမ္မာဒိဋ္ဌိ-မဂ္ဂသစ္စာ။

- ကလေးတွေကိုမှီ၍ ဖြစ်ပေမယ့် ကလေးတွေလုပ်တာမှ မဟုတ်ဘဲ။

ကလေးတွေနဲ့၊ လုပ်တာနဲ့ အတူတူလား၊ နှစ်ခုလား၊ ကလေးတွေနဲ့ လုပ်တာနဲ့ မတူဘူး၊ **'ကလေးတွေ'** ဆိုတာက မိစ္ဆာဒိဋ္ဌိ၊ **'လုပ်တာ'** က ကလေးတွေလုပ်တာမဟုတ်ဘူး၊ သင်္ခါရ ကံက လုပ်တာ၊ ပက်ချင်တာက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကလေးတွေ ရေပက်တယ် မဟုတ်လား၊ စိတ်မဆိုးဘူးလား၊ စိတ်မဆိုးဖို့ ပြောနေတာ၊ စိတ်မဆိုးရင် နိဗ္ဗာန်ရောက်တယ်။

- ငါ့ကိုမှီ၍ ကြည့်ပေမယ့် ငါကြည့်တာမှ မဟုတ်ဘဲ။ ငါ့ကိုမှီ၍ ကြားပေမယ့် ငါကြားတာမှ မဟုတ်ဘဲ။ ငါ့ကိုမှီ၍ ကြံပေမယ့် ငါကြံတာမှ မဟုတ်ဘဲ။

- **'ငါ'**ဆိုတာက ဒိဋ္ဌိငါ၊ **'ငါ့'** ဆိုတာက လောဘငါ၊ **'ငါ့'** ဆိုတာက **'ငါ၏'** နဲ့ အတူတူပဲ။

- **'ယောဓမ္မံပဿတိ သောမံပဿတိ'**၊ **'ယော**-အကြင်သူသည်၊ **ဓမ္မံ**- ပဋိစ္စသမုပ္ပါဒ်တရားတော်ကို၊ **ပဿတိ**-မြင်၏။ **သော**- ထိုသူသည်၊ **မံ**- ငါဘုရားကို၊ **ပဿတိ**-မြင်၏**'**။